JUSTICE FOR MYANMAR

# ETC ကုမ္ပဏီအပေါ် လွတ်လပ်သည့် ပြန်လည်စစ်ဆေးမှုအစီရင်ခံစာအား Justice For Myanmar တုန့်ပြန်

## *ပြန်လည်စစ်ဆေးမှုက မြန်မာစစ်တပ်သို့ နောက်ထပ်ငွေပေးမှုများအကြောင်း အသေးစိတ်ထုတ်ဖော်*

*၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ ၂၄ ရက်၊ မြန်မာ* - စင်ကာပူစတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ Emerging Towns & Cities Singapore (ETC) က မြန်မာစစ်တပ်သို့ ကုမ္ပဏီ၏ ငွေပေးချေမှုများနှင့် ၎င်းတို့၏ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းများအပေါ် လွတ်လပ်သည့်ပြန်လည်စစ်ဆေးသုံးသပ်ချက်အစီရင်ခံစာနှစ်စောင်မှ ပထမတစ်စောင်၏ အနှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အဆိုပါပြန်လည်သုံးသပ်ချက်အစီရင်ခံစာသည် Golden City အိမ်ခြံမြေလုပ်ငန်းတည်ဆောက်ရန်အတွက် မြန်မာစစ်တပ်၏ စစ်ထောက်ချုပ်ရုံးနှင့် ETC ၏ စီးပွားရေးလုပ်ငန်းအကြောင်း Justice For Myanmar မှ စုံးစမ်းထောက်လှမ်း သတင်းရေးသားချက်တစ်စောင် ထုတ်ပြန်ပြီးနောက်ပိုင်း စင်ကာပူစတော့အိတ်ချိန်းက တုန့်ပြန်ဆောင်ရွက်သည့် စည်းကမ်းထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှု တစ်ရပ်ဖြစ်သည်။ စစ်လက်နက်ဝယ်ယူရေးအတွက် အဓိက ဆောင်ရွက်ပေးသည့် စစ်ထောက်ချုပ်ရုံးသို့ ETC ၏ ငွေပေးချေမှုများသည် စစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများကို ငွေကြေးထောက်ပံ့နေကြောင်း Justice For Myanmar က တွေ့ရှိခဲ့သည်။

၎င်းတို့၏ စည်းကမ်းထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှုကြေညာချက်တွင် စင်ကာပူစတော့အိတ်ချိန်းက Justice For Myanmar ၏ အစီရင်ခံစာအပေါ် ပြန်လည်တုန့်ပြန်ရှင်းလင်းရန် ETC အား တောင်းဆိုခဲ့ပြီး၊ စာပိုဒ် ၈ (ခ)၊ လုပ်ထုံးလုပ်နည်းရှင်းလင်းချက် ၂(ခ) အရ “မည်ကဲ့သို့သော ငွေကြေးခဝါချမှုများတွင်ဖြစ်စေ၊ အကြမ်းဖက်များအား ငွေကြေးထောက်ပံ့မှုများတွင်ဖြစ်စေ သို့မဟုတ် အခြားသော ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ငန်းများတွင်ဖြစ်စေ ပါဝင်ပတ်သက်မှုရှိနိုင်သည့် သို့မဟုတ် ဆက်နွယ်မှုရှိနိုင်သည့် ကုမ္ပဏီများကို စတော့အိတ်ချိန်စာရင်းတွင် မဖော်ပြသင့်” ဟူသည့်အချက်ကို ကိုးကားထောက်ပြကာ ETC အနေဖြင့် စတော့အိတ်ချိန်စာရင်းတွင် ဖော်ပြရန် သင့်လျော်ခြင်း ရှိမရှိ အတည်ပြုနိုင်ရန် ETC ကုမ္ပဏီနှင့် ၎င်း၏ စပွန်စာရှင်ကုမ္ပဏီ RHT Capital Pte. Ltd. တို့အား စုံးစမ်းမေးမြန်းခဲ့သည်။

JUSTICE FOR MYANMAR

ဗြိတိန်ကုမ္ပဏီ Smith & Williamson ၏ စီပွားဖက်ကုမ္ပဏီ Nexia TS က ဆောင်ရွက်သည့် ငွေလွှဲမှုများ ပြန်လည်စစ်ဆေးရာတွင် Golden City ဖော်ဆောင်မှု၌ မြေနေရာငှားရမ်းသူများမှ တစ်ဦးဖြစ်သည့် ETC မြန်မာကုမ္ပဏီခွဲ Golden Land Real Estate Development နှင့် ပတ်သက်သည့် ငွေပေးချေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ စစ်ထောက်ချုပ်ရုံးသို့ ၂၀၁၈ ခုနှစ်တွင် ငွေပေး ချေမှုနှစ်ကြိမ်နှင့် ၂၀၂၀ ခုနှစ်တွင် ငွေပေးချေမှုတစ်ကြိမ်၊ စုစုပေါင်းပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၅.၀၃၅ ရှိသည်ကို ပြန်လည် စစ်ဆေးသုံးသပ်သူများက စစ်ဆေးတွေ့ရှိခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များ၏ အနှစ်ချုပ် ဖော်ပြချက်အရ စစ်တပ်သို့ ငွေပေးချေမှုများကို “နှုတ်စကားဖြင့်သာ ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နည်းလမ်းတကျ ရေးသားထားသည့် ပြေစာများ မရှိခဲ့ပါ။ ”

ငွေပေးချေရာတွင် စစ်ထောက်ချုပ်ရုံးနှင့် သဘောတူထားသည့် ဈေးကွက်ပေါက်ဈေးထက် နည်းပါးသည့် ငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာကို မြန်မာငွေ ၈၃၀ ကျပ်နှုန်းကို အသုံးပြုလျက် စစ်တပ်သို့ နှစ်စဉ်ငွေ ပေးချေမှုများကို မြန်မာငွေဖြင့် ပေးချေခဲ့သည်ကိုလည်း ပြန်လည်စစ်ဆေးသူများက တွေ့ရှိခဲ့သည်။ ထိုသို့ ပေါက်ဈေးထက်လျော့နည်းသည့်နှုန်းဖြင့် ပေးချေမှုအတွက် တရားဝင် ရေးသားထားသည့် သဘောတူ စာချုပ် သို့မဟုတ် အသိပေးကြေညာချက်မျိုး မရှိကြောင်း ပြန်လည်စစ်ဆေးသူများက မှတ်ချက် ပြုခဲ့သည်။ ETC သည် ငွေစာရင်းလက်ကျန်ကို ပေးရန်ရှိ မြေငှားရမ်းမှုအာမခံကြေးအဖြစ် သိမ်းဆည်း ထားသည်။ ငွေလဲနှုန်းထား လျော့ယူရန် စစ်တပ်က အဘယ့်ကြောင့် သဘောတူခဲ့သလဲ၊ တိုးပွားနိုင်သည့် မြေငှားရမ်းခအာမခံအကောင့်ကို ဘယ်နေရာတွင် ဖွင့်လှစ်သိမ်းဆည်းထားသလဲ၊ ETC အနေဖြင့် အဆိုပါ ငွေကြေးများကို အခြားနည်းလမ်းဖြင့် ပေးခြေခဲ့မှုရှိမရှိ သို့မဟုတ် ပေးချေရန် ရှိမရှိ စသည်တို့ကို ဖြေရှင်းရန် ETC အား Justice For Myanmar က တောင်းဆိုခဲ့ သည်။ ကုမ္ပဏီက ယခုအချိန်အထိ တုန့်ပြန်ဖြေကြားခြင်းမရှိပါ။

ပြန်လည်စစ်ဆေးသူများက “ကျွန်ုပ်တို့သဘောတူထားသည့် လုပ်ဆောင်ရမည့်လုပ်ငန်းနယ်ပယ်နှင့် တွေ့ရှိချက် အနှစ်ချုပ်များအရ ငွေကြေးအလွှဲအပြောင်းများအား ဆွဲထုတ်သုံးသပ်မှုများကို ပုံမှန် ဆောင်ရွက်မှုပုံစံ (the ordinary course of business) အရ ဆောင်ရွက်ခဲ့ကြောင်း” သုံးသပ်ဖော်ပြခဲ့သည်။

JUSTICE FOR MYANMAR

Nexia TS အနေဖြင့် မြန်မာစစ်တပ်သို့ ငွေပေးချေမှုများနှင့် “ငွေကြေးခဝါချခြင်း၊ အကြမ်းဖက်များသို့ ငွေကြေးထောက်ပံ့ခြင်း၊ သို့မဟုတ် အခြားသော ဥပဒေနှင့်ဆန့်ကျင်သည့်လုပ်ငန်းများ” အကြား ဆက်နွယ်မှုများကို စုံစမ်းစစ်ဆေးခဲ့ခြင်း မရှိပါ။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *“ ETC ရဲ့ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာက စစ်ရာဇဝတ်မှုများနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုများကို ဆက်ပြီး ကျူးလွန်နေတဲ့ နိုင်ငံတကာစစ်ရာဇဝတ်ဂိုဏ်းမြန်မာစစ်တပ်ကို ကုမ္ပဏီက ငွေကြေးထောက်ပံ့နေကြောင်း ထပ်တိုးသက်သေအထောက်အထားကို ပေးလိုက်တာပါ။မြန်မာစစ်တပ်က အကျင့်ပျက်ခြစားမှုကို စနစ်တကျ ကျူးလွန်နေတဲ့အဖွဲ့ဖြစ်တာကြောင့် ငွေရရှိကြောင်း ပြေစာထုတ်မပေးတာလောက်က အံ့သြစရာ မဟုတ်တော့ပါဘူး။ စစ်တပ်က စာရင်းစစ်ချုပ်ရဲ့ စုံစမ်းစစ်ဆေးမှုကနေ ကင်းလွတ်ခွင့် ရရှိထားတဲ့အတွက် စစ်တပ်ကို ပေးချေခဲ့တဲ့ ငွေတွေက ခြေရာခံနောက်ကြောင်းလိုက်လို့ မရဘူးဆိုတာကို ETC ရဲ့ လွတ်လပ်တဲ့ စုံးစမ်းစစ်ဆေးမှုအစီရင်ခံစာက ထင်ရှားစေခဲ့ပါတယ်။ ဒါဟာ စစ်တပ်က လုပ်ဆောင်ခဲ့ဖူးတဲ့ ငွေလဲ့နှုန်း အကျင့်ပျက်ခြစားမှု သမိုင်းကြောင်းနဲ့ အထူးသဖြင့် ပတ်သက်နေတာမို့ ETC အနေနဲ့ ငွေလဲ့နှုန်းကွာဟချက် အကြောင်း မဖြစ်မနေ ရှင်းလင်းပေးရပါမယ်။ မြန်မာစစ်တပ်ရဲ့ ဆက်လက် ကျူးလွန်နေဆဲ ရက်စက်ကြမ်းကြုတ်မှုဖြစ်တဲ့ လူအစုလိုက်သတ်ဖြတ်မှုတွေ၊ နှိပ်စက်ညှဉ်းပန်း မုဒိန်းကျင့်မှု စတဲ့ ရာဇဝတ်မှုတွေကို စင်ကာပူစတော့အိတ်ချိန်းမှာ ETC ရဲ့ စာရင်းပါရှိနေတဲ့ စီးပွားရေး ဆက်နွယ်မှု များကတဆင့် အားပေးကူညီနေတာ ဖြစ်ပါတယ်။ ဒ့ါအတွက် စင်ကာပူ စတော့အိတ်ချိန်းအနေနဲ့ ETC ကို စတော့အိတ်ချိန်းစာရင်းကနေ ဖြုတ်ချဖို့ ကျွန်မတို့ တောင်းဆိုပါတယ်”* ဟု ပြောကြားခဲ့သည်။

**အယ်ဒီတာများအတွက် မှတ်ချက်။**

ETC နှင့် ပတ်သက်၍ Justice For Myanmar ၏ အစီရင်ခံစာကို ယခုနေရာတွင် ကြည့်ရှုပါ။

https://www.justiceformyanmar.org/stories/singapore-stock-exchange-listed-real-estate-firm-contributes-millions-for-myanmar-army

JUSTICE FOR MYANMAR

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

ဆုံး


ထပ်မံသိရှိလိုပါက -

ရတနာမောင်

အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/